Message Nine

# တည်ဆောက်ခြင်းနှင့် တိုက်ခိုက်ခြင်း - အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ဝိညာဉ်ရေးရာစစ်ပွဲ၌ ပါဝင်ဆင်နွှဲရန် လိုအပ်ခြင်း

ဖတ်ရန်ကျမ်း။ ။ နေ၊၄။ ဧ၊၁း၁၉-၂၃။ ၂း၆၊ ၂၁-၂၂။ ၄း၁၆၊ ၂၃-၂၄။ ၆း၁၀-၂၀

**I. နေဟမိ အခန်း ၄ ၌ မြို့တော်ကို ပြန်လည်တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရန်သူ၏ နှောင့်ယှက်ခြင်းကို ဖော်ပြထားသည်။**

A. ရန်သူများသည် အမျက်ထွက်ကြကာ၊ ကြီးစွာ ဒေါသထွက်ခဲ့ကြသည်။ သူတို့သည် ဂျူးများကို လှောင်ပြောင်ကာ၊ သူတို့၏ တည်ဆောက်ခြင်းအလုပ်ကို ပြက်ရယ်ပြုခဲ့ကြသည် - အငယ်၊၁-၃။

1. ရန်သူများသည် အမျက်ထွက်ကြရခြင်းမှာ တည်ဆောက်ခြင်းအလုပ်သည် တိုးတက်လာနေသောကြောင့် ဖြစ်ပြီး၊ သူတို့သည် ယေရုရှလင်သို့လာ၍ ဆန့်ကျင်တိုက်ခိုက်ကြရန် အတူတကွ ပူးပေါင်းကြံစည်ခဲ့ကြသည် - အငယ်၊၇-၈။
2. နေဟမိသည် ဘုရားသခင်က သူတို့၏ကဲ့ရဲ့ပြစ်တင်ခြင်းကို သူတို့အပေါ် ပြန်သက်ရောက်စေရန် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၌ ကိုးစားခဲ့သည်။ ထို့ကြောင့် ဂျူးလူမျိုးတို့သည် မြို့ရိုးကို တည်ဆောက်ခဲ့သည်၊ အကြောင်းမှာ သူတို့သည် ဆောက်လုပ်ရန် စိတ်နှလုံးရှိကြသောကြောင့်ဖြစ်သည် - အငယ်၊၄-၆။

B. ဂျူးလူမျိုးတို့သည် သူတို့၏ဘုရားသခင်ထံ ဆုတောင်းခဲ့ကြပြီး၊ နေဟမိ၏ ညွှန်ကြားမှုနှင့် လမ်းညွှန်မှုအောက်တွင် သူတို့သည် နေ့ရောညဉ့် ရန်သူတစ်ဘက်မှာ ကင်းစောင့်ထားခဲ့ကြသည်။

1. သူတို့သည် နေဟမိ၏ခွန်အားပေးခြင်းအောက်၌ လက်နက်များဖြင့် တိုက်ခိုက်ရန် အဆင်သင့်ဖြစ်နေခဲ့ကြပြီး၊ သူက ကြီးမြတ်သော ကြောက်မက်ဖွယ်သော သခင်ဘုရားကို အောက်မေ့ကြရန်နှင့် မိမိတို့၏မိသားစုများအတွက် တိုက်ခိုက်ကြရန် ညွှန်ကြားပေးခဲ့သည် - အငယ်၊၁၄။
2. နေဟမိ၏ အစေခံတစ်ဝက်မှာ အလုပ်တွင် အားထုတ်လုပ်ဆောင်၍၊ ကျန်သည့်တစ်ဝက်တွင် လက်နက်များကိုင်စွဲကာ တိုက်ခိုက်ရန် အဆင်သင့်ရှိနေကြသည် - အငယ်၊၁၆။
3. တစ်ဖက်တွင် အစ္စရေးအမျိုးသားတို့သည် တိုက်ခိုက်ရန် ပြင်ဆင်ထားခဲ့ကြသည်။ အခြားတစ်ဖက်တွင် သူတို့သည် ဘုရားသခင်၌ ကိုးစားကြကာ၊ ကိုယ်တော်သည် သူတို့အတွက် တိုက်ခိုက်ပေးမည်ဖြစ်ကြောင်း ယုံကြည်ထားကြသည် - အငယ်၊၉-၂၃။
4. တပ်မှူးကြီးအနေဖြင့် နေဟမိသည် ရန်သူကို ဆန့်ကျင်တိုက်ခိုက်ရန်အတွက် အသင့်ဖြစ်နေသောသူများထဲမှ အဝင်ဖြစ်သည်။ သူသည် ညကင်းစောင့်ရသောအပိုင်းတွင် တာဝန်ယူထားပြီး၊ ဤအမှုအရာကို အခြားသူများအား အပ်မထားဘဲ၊ သူကိုယ်တိုင် ပါဝင်လုပ်ဆောင်ခဲ့သည် - အငယ်၊ ၁၇-၂၃။

**II. ဘုရားသခင်၏မြို့တော်အဖြစ် အသင်းတော်ကိုတည်ဆောက်ခြင်းသည် လွယ်ကူသောလုပ်ငန်းတာဝန်မဟုတ်ပါ၊ တည်ဆောက်ခြင်းသည် တိုက်ခိုက်ခြင်းအားဖြင့်သာ သယ်ဆောင်သွားနိုင်သည် - ဧ၊၂း၂၁-၂၂။ ၄း၁၆။ ၆း၁၀-၂၀။**

A. အစ္စရေးအမျိုးသားတို့သည် သူတို့၏ဖမ်းဆီးသိမ်းသွားခံရာမှ ပြန်လာကြသောအခါ၊ ဇေရု၊ နေဟမိနှင့် အခြားသူတို့သည် ပြင်းထန်သည့် စစ်ပွဲမှတစ်ဆင့် ဗိမာန်တော်နှင့် သန့်ရှင်းသောမြို့တော်ကို ပြန်လည်တည်ဆောက်ရန် နိုးထလာကြသည်။

B. နေဟမိနှင့်အတူ တည်ဆောက်ခြင်း၌ အလုပ်လုပ်ကြသော အစ္စရေးလူတို့သည် လက်တစ်ဖက်တွင် တည်ဆောက်ရန် အားထုတ်လုပ်ဆောင်ကြပြီး၊ အခြားလက်တစ်ဖက်ဖြင့် စစ်ပွဲတိုက်ခိုက်ရန် မိမိတို့၏လက်နက်များကို ကိုင်စွဲထားကြသည် (နေ၊၄း၁၇)။ ဤသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏တည်ဆောက်ခြင်းအပေါ် အားထုတ်လုပ်ဆောင်ကြသည့်အခါတိုင်း စစ်ပွဲ၌ အမှန်ပင် ပါဝင်ဆက်နွှယ်ကြရမည်ဖြစ်ကြောင်း ဖွင့်ပြနေသည်။

C. ဘုရားသခင်၏ ကိန်းဝပ်ရာနေရာကို တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ဘုရားသခင်နှင့် ကိုယ်တော်၏ရန်သူအကြား အမှန်ပင် တိုက်ပွဲ၊ ပြင်းထန်သော တိုက်ခိုက်ခြင်း ရှိနေသည် - အငယ်၊၁-၃၊ ၇-၈။

1. ရန်သူက ဘုရားသခင်၏ကိန်းဝပ်ရာနေရာ တည်ဆောက်ခြင်းသည် ကောင်းသောနည်းလမ်း၌ တိုးတက်နေသည်ကို မမြင်လိုပေ။
2. စာတန်သည် ကြားဖြတ်ရန်၊ စွက်ဖက်ရန်၊ တိုက်ခိုက်ရန်နှင့် ဖျက်ဆီးရန် သူတတ်နိုင်သမျှ အရာခပ်သိမ်းကို လုပ်လိမ့်မည်ဖြစ်သည် - မ၊၁၆း၁၈-၁၉။

D. ကျွန်ုပ်တို့သည် ဗိမာန်တော်အဖြစ် အသင်းတော်ကို တည်ဆောက်၍ စစ်ပွဲကို တိုက်ခိုက်ရမည်၊ သို့မှသာ ဘုရားသခင်၌ နိုင်ငံတော် ရရှိနိုင်မည်ဖြစ်သည် - ၆း၁၀။

E. သန့်ရှင်းသူများသည် အသင်းတော်အသက်တာပျံ့နှံ့ခြင်းအတွက် ပြောင်းရွှေ့နေထိုင်သောအခါ သူတို့သည် စစ်ပွဲကို တိုက်ခိုက်သည့် စစ်တပ်ဖြစ်သည် - ညွှန်း၊ တ၊၈း၄-၁၂။

F. အသင်းတော်ကို တည်ဆောက်သောသူတို့သည် တစ်ချိန်တည်းမှာ တည်ဆောက်ခြင်းနှင့် တိုက်ခိုက်ခြင်း ပြုရမည်ဖြစ်သည် - နေ၊၄း၁၄၊ ၁၆-၂၁။

G. စစ်ပွဲမရှိဘဲ၊ တိုက်ခိုက်ခြင်းဝိညာဉ်မရှိဘဲ၊ တည်ဆောက်ခြင်း မရှိနိုင်ပါ။ တည်ဆောက်ခြင်းသည် အလွန်ခက်ခဲပင်ပန်းသော စစ်ပွဲကို တောင်းဆိုသည်။

## III. ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ဝိညာဉ်ရေးရာစစ်ပွဲ လိုအပ်နေသည် - ဧ၊၆း၁၀-၂၀။

A. ဝမ်းနည်းဖွယ်ရာမှာ ယနေ့အသင်းတော်၌ ဤဝိညာဉ်ရေးရာစစ်ပွဲကို သိသော ယုံကြည်သူ မရှိသလောက်နီးပါး ဖြစ်သည်။ ဤသည်မှာ အသက်၌အားနည်းခြင်း၊ ဝိညာဉ်ရေးရာခွန်အား လျော့ပါးခြင်းနှင့် သမ္မာတရား၏အလင်း၌ လုံလောက်သော ကြည်လင်ပြတ်သားမှု မရှိခြင်းတို့ကြောင့် ဖြစ်သည်။

B. ဝိညာဉ်ရေးရာစစ်ပွဲသည် ခရစ်တော်၏ အောင်နိုင်ခြင်းအပေါ် အခြေတည်သည် - ဟေဗြဲ၊၂း၁၄။ ကော၊၂း၁၅။ ၁ယော၊၃း၈။
1. ဝိညာဉ်ရေးရာစစ်ပွဲ အစပြုသည့်အချက်မှာ ခရစ်တော်၏ အောင်နိုင်ခြင်းအပေါ် ရပ်တည်ခြင်းဖြစ်သည်။ ၎င်းမှာ ခရစ်တော်သည် ရန်သူကို နှိမ်နင်းပြီးသားဖြစ်ကြောင်း မြင်ခြင်းဖြစ်သည် - သီ၊၄း၈။ ဗျာ၊၃း၂၁။ ၅း၅-၆။
   a. ဘုရားသခင်၏သားတော်သည် မာရ်နတ်၏အလုပ်များအားလုံးကို ဖျက်ဆီးရန် ထင်ရှားပေါ်လာခဲ့သည် - ၁ယော၊ ၃း၈။
   b. ကိုယ်တော်၏ လူ့ဇာတိခံခြင်းနှင့် လူသားအသက်ရှင်ခြင်း၌ ခရစ်တော်သည် ကန္တာရတော၌ စုံစမ်းနှောင့်ယှက်ခံရသောကာလအတွင်း စာတန်ကို အနိုင်ယူခဲ့သည် - မ၊၄း၁-၁၁။
   c. သေခြင်းမှတစ်ဆင့် သခင်ယေရှုသည် သေခြင်း၏တန်ခိုးရှိသောသူ မာရ်နတ်ကို ဖျက်ဆီးခဲ့သည်။ ကိုယ်တော်သည် စာတန်ကို ဖျက်သိမ်းပြီး၊ သူ့ကို ဘာမျှမရှိဖြစ်စေသည် - ဟေဗြဲ၊၂း၁၄။
2. မြေကြီးပေါ်မှာ အသင်းတော်၏အလုပ်သည် ခရစ်တော်၏အောင်နိုင်ခြင်းကို ထိန်းသိမ်းရန်ဖြစ်သည်။ သခင်ဘုရားသည် တိုက်ပွဲကို အနိုင်ယူခဲ့ပြီးဖြစ်သည်၊ အသင်းတော်သည် ဤနေရာတွင် ကိုယ်တော်၏အောင်နိုင်မှုကို ထိန်းသိမ်းရန်ဖြစ်သည် - ဧ၊၆း၁၁၊ ၁၃။

C. အသင်းတော်နှင့် စာတန်အကြား စစ်ပွဲသည် သခင်ဘုရားကို ချစ်သော၊ ကိုယ်တော်၏အသင်းတော်၌ရှိသော ကျွန်ုပ်တို့နှင့် ကောင်းကင်ဆိုင်ရာများ၌ရှိသော ဆိုးညစ်သောတန်ခိုးများအကြားရှိ တိုက်ပွဲဖြစ်သည် - အငယ်၊၁၂။
1. အုပ်စိုးသူများ၊ အခွင့်အာဏာများနှင့် မှောင်မိုက်လောကကို အစိုးရသူများသည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်း၌ စာတန်နောက်လိုက်သော ပုန်ကန်သည့် ကောင်းကင်တမန်များဖြစ်ပြီး၊ ယခုတွင် လောက၏ တိုင်းနိုင်ငံများအပေါ် ကောင်းကင်ဆိုင်ရာများ၌ အုပ်စိုးနေသူများဖြစ်ကြသည် - ကော၊၁း၁၃။ ဒံ၊၁၀း၂၀။
2. ကျွန်ုပ်တို့၏စစ်ပွဲသည် လူသားဖြစ်ခြင်းကို ဆန့်ကျင်တိုက်ခိုက်ခြင်းမဟုတ်ဘဲ၊ ကောင်းကင်ဆိုင်ရာများရှိ ဝိညာဉ်ဆိုးများ၊ တန်ခိုးဆိုးများကို ဆန့်ကျင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ရန် လိုအပ်သည်။

D. ဝိညာဉ်ရေးရာစစ်ပွဲသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အကြောင်းအရာဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ စစ်ပွဲကို တိုက်ခိုက်ရမည်ဖြစ်သည် - ဧ၊၁း၂၂-၂၃။
   1. ဝိညာဉ်ရေးရာစစ်ပွဲသည် တစ်ဦးချင်းဆိုင်ရာ အကြောင်းအရာမဟုတ်ပါ။ ၎င်းသည် ကိုယ်ခန္ဓာတော်၏ အကြောင်းအရာဖြစ်သည် - ၄း၁၂၊ ၁၆။ ၅း၃၀။
   2. အသင်းတော်သည် စုပေါင်းထားသော စစ်သူရဲဖြစ်ပြီး၊ ယုံကြည်သူများသည် ဤစုပေါင်းထားသော စစ်သူရဲကို အတူတကွ ဖြစ်တည်စေကြသည် - ၆း၁၀-၂၀။
   3. ကျွန်ုပ်တို့သည် ဖေက်စာစောင်ကို အခန်း ၁ မှ အခန်း ၆ အထိ ဖတ်မည်ဆိုလျှင် စစ်ပွဲသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အကြောင်းအရာဖြစ်ကြောင်း၊ ကိုယ်ခန္ဓာတော်သည် ခရစ်တော်၌၊ ဝိညာဉ်တော်၌၊ ကောင်းကင်ဆိုင်ရာများ၌ ဖန်ဆင်းခြင်းအသစ်ဖြစ်ကြောင်း မြင်ရလိမ့်မည်ဖြစ်သည် - ၂း၆။
      a. ကျွန်ုပ်တို့၌ ကိုယ်ခန္ဓာတော်အသက်တာမရှိလျှင် ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာစစ်ပွဲ၌ ပါဝင်ဆင်နွဲရန် လုံလောက်မှုမရှိပေ။
      b. စစ်ပွဲကို တိုက်ခိုက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း၌ ရှိရမည်ဖြစ်သည် - ၄း၁၂၊ ၁၆။
   4. ကျွန်ုပ်တို့သည် စစ်တပ်အဖြစ်သို့ စုပေါင်းခြင်းဆိုင်ရာ ဖွဲ့စည်းခံရပြီးနောက်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ရန်သူကို ဆန့်ကျင်တိုက်ခိုက်ရန် တတ်စွမ်းနိုင်မည်ဖြစ်သည် - ၆း၁၁-၁၂။

E. ဘုရားသခင်၏ရန်သူကို ဆက်ဆံဖြေရှင်းရန် ကျွန်ုပ်တို့သည် ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော၊ ကိုယ်တော်ကို လေထဲရှိ ဝိညာဉ်ဆိုးများအားလုံးအထက်တွင် ကောင်းကင်ဆိုင်ရာများ၌ ထိုင်စေတော်မူသော တန်ခိုးတော်၏ကြီးမြတ်ခြင်းဖြင့် ခွန်အားတန်ခိုးပေးခြင်း ခံရန် လိုအပ်သည် - အငယ်၊၁၀။ ၁း၁၉-၂၂။
   1. ကျွန်ုပ်တို့သည် သခင်ဘုရား၌ ခွန်အားတန်ခိုးပေးခြင်းခံရန် လိုအပ်ရခြင်းအကြောင်းမှာ ကျွန်ုပ်တို့ကိုယ်တိုင်၌ ကျွန်ုပ်တို့သည် စာတန်နှင့် သူ၏ဆိုးညစ်သောနိုင်ငံကို ဆန့်ကျင်သော ဝိညာဉ်ရေးရာစစ်ပွဲကို မတိုက်ခိုက်နိုင်ကြောင်း ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၌၊ ကိုယ်တော့်ခွန်အား၏တန်ခိုး၌သာ တိုက်ခိုက်နိုင်သည် - ၆း၁၀။
   2. ခွန်အားတန်ခိုးပေးခြင်းခံရန် တိုက်တွန်းခြင်းမှာ ကျွန်ုပ်တို့၏အလိုဆန္ဒကို လေ့ကျင့်ရန် လိုအပ်ကြောင်း ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာစစ်ပွဲအတွက် ခွန်အားတန်ခိုးပေးခြင်းခံလိုလျှင်၊ ကျွန်ုပ်တို့၏အလိုဆန္ဒသည် သန်စွမ်း၍ လေ့ကျင့်ခြင်းရှိရမည်ဖြစ်သည် - သီ၊၄း၄။

F. ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာစစ်ပွဲ၏ မူအလေ့အလာများကို သိရှိ၍ ယူဆောင်လျှောက်လှမ်းရန် လိုအပ်သည်။
   1. ဝိညာဉ်ရေးရာစစ်ပွဲ၏ ပထမမူအလေ့အလာမှာ ကျွန်ုပ်တို့သည် အသွေးအသားလက်နက်များ၊ လူသားလျှို့ဝှက်ကြံစည်မှုများ၊ ဓာတိဆိုင်ရာနည်းစနစ်များကို အသုံးပြု၍မရနိုင်ပါ။ ဝိညာဉ်ရေးရာစစ်ပွဲသည် အသွေးအသားကို ဆန့်ကျင်စစ်တိုက်ခြင်းမဟုတ်ဘဲ၊ ဝိညာဉ်ရေးရာအင်အားစုများကို ဆန့်ကျင်စစ်တိုက်ခြင်းကြောင့် (ဧ၊၆း၁၂)၊ လက်နက်များသည် အသွေးအသားဆိုင်ရာ မဖြစ်သင့်ပေ (၂ကော၊၁၀း၃-၅)။
   2. ဝိညာဉ်ရေးရာစစ်ပွဲ၏ ဒုတိယမူအလေ့အလာမှာ တက်ကြွခြင်းအဆင့်အနေအထားကို စောင့်ထိန်းရန်ဖြစ်သည်- ဧ၊၂း၆။
      a. စစ်ပွဲကို တိုက်ခိုက်ခြင်း၌ ရန်သူ၏အထက်မှာရှိသော အနေအထားသည် မဟာဗျူဟာကျသောအရာဖြစ်သည်။
      b. စာတန်နှင့် သူ၏ဝိညာဉ်ရေးရာအင်အားစုများသည် လေထဲ၌ရှိသည်၊ သို့သော် ကျွန်ုပ်တို့သည် သူတို့အထက်မှာ တတိယကောင်းကင်၌ ထိုင်နေကြသည် - အငယ်၊၆။
      c. စာတန်နှင့် သူ၏အင်အားစုများသည် ကျွန်ုပ်တို့အောက်တွင်ရှိပြီး၊ သူတို့ကို ကျွန်ုပ်တို့က နှိမ်နင်းရမည်မှာ သူတို့၏ကြမ္မာဖြစ်သည်။
   3. ဝိညာဉ်ရေးရာစစ်ပွဲ၏ တတိယမူအလေ့အလာမှာ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာလက်နက်များကို အသုံးပြုရမည်ဖြစ်သည် - ၂ကော၊၁၀း၃-၅။
      a. ဝိညာဉ်ရေးရာလက်နက်များသည် ရန်သူ၏ ခံတပ်များကို ဖြိုချဖျက်ဆီးရန် တန်ခိုးကြီးမားလှသည် - အငယ်၊၄-၅။

b. ကျွန်ုပ်တို့သည် တိုက်ခိုက်ခြင်းပြုသောအခါ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်အားလုံးသည် ဝိညာဉ်၏အရာဖြစ်ရမည် ဖြစ်ကာ၊ ကျွန်ုပ်တို့ဝိညာဉ်အတွင်းမှ ခံစားချက်ကို ထိတွေ့ရမည်ဖြစ်သည်။ ဤသည်မှာ အလွန်အမင်းအခြေခံကျသော မူအလေ့အလာဖြစ်သည်။

4. ဝိညာဉ်ရေးရာစစ်ပွဲ၏ စတုတ္ထမူအလေ့အလာမှာ တိုက်ခိုက်သောဆုတောင်းခြင်းများ - ဝိညာဉ်ရေးရာစစ်ပွဲ၏ ဆုတောင်းခြင်းများ ရှိရန်ဖြစ်သည် - မ၊၆း၉-၁၀၊ ၁၃။
   a. အသင်းတော်တည်ဆောက်ခြင်းရှိသော နေရာတိုင်းနှင့် အချိန်တိုင်း၌ ၎င်းကို ဆန့်ကျင်သော မရဏာနိုင်ငံ၏တံခါးများ၏ လုပ်ဆောင်မှု ရှိနေသည်။ ထို့ကြောင့် ထိုနေရာတွင် တိုက်ခိုက်သောဆုတောင်းခြင်းများကို လိုအပ်နေသည် - ၁၆း၁၈-၁၉။
   b. အကြီးမားဆုံးအဖိုးထိုက်တန်သော ဆုတောင်းခြင်းများမှာ တက်ကြွခြင်း၌ရှိသောဆုတောင်းခြင်းများဖြစ်ကြောင်း ကျွန်ုပ်တို့မြင်မည်ဆိုလျှင်၊ ဆုတောင်းခြင်းသည် စစ်ပွဲဖြစ်ကြောင်း ကျွန်ုပ်တို့နားလည်နိုင်မည်ဖြစ်ပြီး၊ စစ်ပွဲ၏ ဆုတောင်းချက်များကို ကျွန်ုပ်တို့မြွက်ဆိုလိမ့်မည်ဖြစ်သည်။ ထိုသို့သောအရာသည် ဧဖက် ၆ တွင် ပြောထားသည့် ဆုတောင်းခြင်း သဘောသဘာဝဖြစ်သည်။
      (1) ကောင်းကင်ဆိုင်ရာအဝန်းအဝိုင်း၌၊ ဘုရားသခင်၏ပလ္လင်တော်မှ ထင်ရှားထွက်ပေါ်လာသည့် ဆုတောင်းခြင်းများအားလုံးသည် စစ်ပွဲ၏ဆုတောင်းခြင်းများဖြစ်သည် - ဗျာ၊၅း၈။ ၈း၃-၅။
      (2) ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာအဝန်းအဝိုင်း၌ ရှိမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် တက်ကြွခြင်း၏ဆုတောင်းခြင်းများ၊ စစ်ပွဲ၏ဆုတောင်းခြင်းများကို ဆုတောင်းနိုင်ကြမည်ဖြစ်သည် - ဧ၊၂း၆။ ၆း၁၈။
   c. ကျွန်ုပ်တို့သည် ခွန်အားသန်စွမ်းခြင်းရှိသောအခါ ကျွန်ုပ်တို့အသစ်ပြုပြင်ခံရကြသည်။ ကျွန်ုပ်တို့အသစ်ပြုပြင်ခံရသောအခါ၊ ကျွန်ုပ်တို့ ဖြည့်ခြင်းခံရကြသည်။ ကျွန်ုပ်တို့ဖြည့်ခြင်းခံရသောအခါ ကျွန်ုပ်တို့သည် တိုက်ခိုက်ရန် စုံလင်တပ်ဆင်ခံရကြသည်။ တိုက်ခိုက်သောဝိညာဉ်၌ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာစစ်ပွဲ၏ တိုက်ခိုက်သောဆုတောင်းခြင်းများကို ဆုတောင်းကြခြင်းဖြစ်သည် - ၃း၁၄-၁၆။ ၄း၂၃-၂၄။ ၅း၁၈ခ။ ၆း၁၈။
   d. ကျွန်ုပ်တို့သည် တိုက်ခိုက်သောဆုတောင်းခြင်းများဖြင့် ကိုယ်ခန္ဓာတော်၌ စစ်ပွဲကို တိုက်ခိုက်ခြင်းအားဖြင့် မာရ်နတ်၏ ပရိယာယ်များကို ဆန့်ကျင်ရပ်တည်၍၊ ဝိညာဉ်၌ အချိန်တိုင်း ဆုတောင်းကာ၊ ဘုရားသခင်၏အိမ်တော်အဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် ဘုရားသခင်၏လက်နက်စုံကို ဝတ်ဆင်ရန် လိုအပ်သည်၊ ယင်းမှာ ဘုရားသခင်၏စီမံကိန်း ပြည့်စုံစွာ ပြီးမြောက်ခြင်းအတွက် ဘုရားသခင်၏အုပ်စိုးခြင်းအလို့ငှာ ဘုရားသခင်၏နိုင်ငံတော်အဖြစ် ဘုရားသခင်၏ဘုန်းတော်အတွက် ဖြစ်သည် - အငယ်၊၁၀-၂၀။

© 2022 Living Stream Ministry